www.dhammadownload.com

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၂၉

# အများအတွက်
# သံဃာတော်တို့၏ဆောင်ရွက်ချက်


အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

စေအာင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၃၈၄၁၉၃

www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်

www.dhammadownload.com

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
မဗ္ဗစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

www.dhammadownload.com

# အများအတွက် သံဃာတော်တို့၏ ဆောင်ရွက်ချက်

မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း(၇)ရက်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂၆)ရက်။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်တွင် (၁၉)ကြိမ်မြောက် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီး၌ ကျင်းပပြုလုပ်အပ်သည့် ဓမ္မပူဇာ အထူးတရားပွဲ၌ ဟောကြားအပ်သော **“အများအတွက် သံဃာတော်တို့၏ ဆောင်ရွက်ချက်”** အကြောင်း တရားဒေသနာတော်။

လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၆၀၀)ကျော်က ဗုဒ္ဓမြတ်စွာ ပွင့်ပေါ်တော်မူပြီးတဲ့ နောက်မှာ လောကသားတို့ရဲ့ အကျိုးအတွက် မှန်ကန်တဲ့ အဆုံးအမတရားများကို ဟောကြားတော်မူခဲ့တာဖြစ်တယ်။

www.dhammadownload.com



ဗုဒ္ဓမြတ်စွာသက်တော်ထင်ရှားရှိတော်မူတဲ့ အချိန်ကာလမှာ မြတ်ဘုရားရဲ့ သွန်သင်ချက်အောက်မှာ လောကလူသားတွေဟာ အမှန်တရားကိုသိရှိပြီး လုပ်သင့်တာနဲ့ မလုပ်သင့်တာ၊ အပြစ်မရှိတာနဲ့ အပြစ်ရှိတာ ခွဲခြားသိလို့ မိမိတို့ကိုယ်ပိုင်ဉာဏ်တွေနဲ့ ရွေးချယ်ပြီးတော့ ဘဝခရီးကို ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်ခဲ့ကြတာပါ။ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ အဆုံးအမတရားများကို 'ဓမ္မ'ဆိုတဲ့ အမည်နာမနဲ့ သုံးသပ်ပြီးတော့ ဖော်ပြထားတာဖြစ်တယ်။

မြတ်စွာဘုရားဟောတဲ့ တရားတွေနဲ့ ပတ်သက်ပြီး ဟောထားတဲ့ဟာ '**ဓမ္မော သွာက္ခာတော**' မြတ်စွာဘုရားဟောတဲ့တရားက အလွဲအမှားမရှိဘူး၊ သွန်သင်ဆုံးမချက်တွေ အားလုံးဟာ လောကသားတွေရဲ့ အကျိုးအတွက်ဖြစ်တယ်။ အလွဲအမှားမရှိအောင် ဟောပြောခြင်းဟာ ဘာသာတရားတစ်ခုကို ဟောပြောတဲ့ ပုဂ္ဂိုလ်ရဲ့ အရေးကြီးဆုံးအချက်ပဲ ဖြစ်တယ်။ လောကမှာ

www.dhammadownload.com



ခေါင်းဆောင် ပုဂ္ဂိုလ်တစ်ဦးက လွဲလွဲမှားမှားတွေ ဟောပြောသွားပြီဆိုရင် နောက်လိုက်တွေ ဒုက္ခရောက်ကြတယ်။ ယုံကြည်ပြီးတော့ လိုက်နာကြတဲ့ ပုဂ္ဂိုလ်တွေဟာ လမ်းမှားကို ရောက်သွားတယ်။ ဒါကြောင့်မို့ ဟောပြောတဲ့ တရားဓမ္မတွေက **'သွာက္ခာတ'** ဖြစ်ဖို့ အရေးကြီးတယ်။

**'သွာက္ခာတ'** ဆိုတာ အပြစ်ရှိရင် အပြစ်ရှိတယ်၊ အပြစ်မရှိရင် မရှိဘူး၊ လုပ်သင့်တာကို လုပ်သင့်တယ်လို့ ဟောတယ်၊ မလုပ်သင့်တာကိုလည်း မလုပ်သင့်ဘူးလို့ဟောတယ်။ သာမန်အားဖြင့်ကြည့်မယ် ဆိုလို့ရှိရင် လုပ်သင့်တာနဲ့ မလုပ်သင့်တာ ခွဲခြားသိဖို့ လွယ်တယ်လို့ ထင်ကောင်းထင်သော်လည်း လောကလူတွေဟာ လုပ်သင့်တာနဲ့ မလုပ်သင့်တာကို အမှန်အကန် မိမိတို့ ကိုယ်ပိုင်ဉာဏ်နဲ့ ခွဲခြားပြီးသိဖို့ဆိုတာ အလွန်ခဲယဉ်းတဲ့ ဟာတစ်ခု ဖြစ်တယ်။ မလုပ်သင့်တာကို လုပ်သင့်တယ် ထင်ပြီးတော့ လုပ်ကြတယ်၊ လုပ်သင့်တာကျတော့

www.dhammadownload.com



မလုပ်သင့်ဘူးထင်ပြီး ရှောင်ကြဉ်ကြတယ်။ ဒါကြောင့်မို့ အကျိုးပေါ်လာတဲ့အချိန်မှာ ဆင်းရဲဒုက္ခနဲ့ ကြုံတွေ့ကြရတယ်။

မှန်ကန်တဲ့လမ်းကြောင်းတစ်ခုလို့ စိတ်ကထင်ပြီးတော့ လျှောက်လှမ်းလာတဲ့ လမ်းကြောင်းဟာ လမ်းဆုံးရောက်မှ ဒုက္ခတွေနဲ့ကြုံတွေ့ပြီး မမှန်ကန်မှန်းသိလို့ နောက်ကြောင်းပြန်လှည့်ဖို့ ဆိုတာလည်း အလွန်ခဲယဉ်းတယ်။ များယွင်းစွာ ဦးဆောင်လာတဲ့ လမ်းကြောင်းပေါ် လျှောက်လှမ်းလာကြတဲ့ ပုဂ္ဂိုလ်တွေဟာ ပြန်လှည့်ဖို့ဆိုတာ အချိန်မရှိတော့ဘူး၊ ဆင်းရဲဒုက္ခတွေနဲ့ ကြုံတွေ့သွားနိုင်တယ်။ ဒါကြောင့်မို့လို့ ခေါင်းဆောင်တဲ့ပုဂ္ဂိုလ်တွေ ဆိုတာဟာ 'သွာက္ခာတ' ဖြစ်ဖို့ အရေးကြီးတယ်။ ဟောပြောတဲ့နေရာမှာ မှန်ကန်ဖို့ အရေးကြီးတယ်ပေါ့။

ဒါကြောင့်မို့ မြတ်စွာဘုရားဟောပြောတဲ့ တရားဓမ္မတွေနဲ့ ပတ်သက်လာလို့ရှိရင် 'သွာက္ခာတ' ဆိုတဲ့ စကားလုံးကို ရှေ့တန်းကထားပြီးပြောတယ်။ ငါဟော

www.dhammadownload.com



တဲ့တရား၊ ငါ့ရဲ့အဆုံးအမတွေဟာ လွဲလွဲမှားမှားပြော တာ တစ်ခုမှမရှိဘူး၊ လုပ်ရင် လုပ်တဲ့အတိုင်း၊ ဟုတ်ရင် ဟုတ်တဲ့အတိုင်း၊ မှန်တာကို မှန်တဲ့အတိုင်း၊ အကျိုးရှိ တာကို အကျိုးရှိတဲ့အတိုင်း ဟောကြားဆုံးမခဲ့တာ ဖြစ်တဲ့အတွက်ကြောင့် စိတ်ချယုံကြည်ရတယ်။ စိတ်ချ ယုံကြည်ရရုံမျှမက မှန်ကန်တဲ့ဟောပြောချက်ပင် ဖြစ် သော်လည်း လိုက်နာကျင့်သုံးသူတို့ရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ သိနိုင်တာမဟုတ်ဘူး ဆိုရင်လည်း သိပ်အကျိုးရှိမှာ မဟုတ်ဘူး။ မြတ်စွာဘုရားဟောတဲ့ တရားအဆုံးအမ တွေကတော့ '**သန္ဒိဋ္ဌိကော**' လို့ ဆိုတဲ့အတိုင်း ကိုယ်တိုင် လည်း သိနိုင်တယ်၊ လိုက်နာကျင့်သုံးတဲ့ပုဂ္ဂိုလ်တွေ မိမိ တို့ကိုယ်တိုင် သိရှိနိုင်တယ်။ မှန်တယ်မှားတယ်ဆိုတာ မိမိတို့ ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်သိရှိနိုင်လောက်အောင် ရှင်းလင်းပြတ်သားတယ်လို့ ဒီလိုဆိုတယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားဟောတဲ့တရားနဲ့ ပတ် သက်လာရင် ဒါတင်မကဘူး၊ '**နိယျာနိကော**' လို့ဆိုတဲ့

www.dhammadownload.com



စကားလုံး။ **'နိယျာနိက'** ဆိုတာ အဟုတ်လုပ်ရင် အဟုတ် ဖြစ်တယ်၊ အလုပ်ဖြစ်တဲ့ဟာကို ဆိုလိုတယ်။ ရံဖန်ရံခါ လမ်းစဉ်တွေ ချမှတ်ထားသော်လည်း အဲဒီ လမ်းစဉ်ဟာ အလုပ်မဖြစ်တာတွေ အများကြီးရှိတယ်။ လောကကြီးမှာ လမ်းစဉ်တွေ၊ ပေါ်လစီတွေ၊ စည်းကမ်း တွေ ထုတ်ထားသော်လည်းပဲ အဲဒီ ပေါ်လစီဟာ အလုပ်မဖြစ်၊ ကောင်းကျိုးချမ်းသာကို မဖြစ်စေနိုင်တာ တွေလည်း အများကြီးပဲ။ ဒါကြောင့်မို့ မြတ်စွာဘုရားရဲ့ တရားတော်တွေဟာ အလုပ်မဖြစ်တဲ့တရားမဟုတ်ဘူး၊ **'နိယျာနိက'** လုပ်ရင် လုပ်တဲ့အတိုင်း ထုတ်ဆောင် ပေးနိုင်တယ်၊ အောင်မြင်တယ်၊ ပေါက်ရောက်တယ်လို့ ဒီလိုဆိုလို တယ်။

ဒါတင်မကဘူး **"ဥပသမ သံဝတ္တနိကော"** စိတ် နှလုံးအေးချမ်းမှုကိုလည်း ပေးနိုင်တယ်။ မြတ်စွာဘုရား ရဲ့ အဆုံးအမကို မိမိတို့ရဲ့ စိတ်နှလုံးထဲ ရောက်အောင် နှလုံးသွင်းလိုက်တာနဲ့ တစ်ပြိုင်နက် ပူလောင်တဲ့

www.dhammadownload.com



စိတ်ဓာတ်တွေ အေးသွားပြီး ညစ်နေတဲ့ စိတ်တွေဟာလည်း ဖြူစင်သွားတယ်။ အဲဒီလို အကျိုးသက်ရောက်မှုကို ဖြစ်စေနိုင်တယ်လို့ ဒီလိုဆိုလိုတယ်။ ဒါတင်မကဘူး၊ မြတ်စွာဘုရားရဲ့ တရားတော်တွေဟာ "**သမ္မောဓဂါမိ**" မိမိတို့ ကိုယ်ပိုင်ဉာဏ်နဲ့ သိပြီးတော့ အမှန်သိတဲ့ အနေအထားတစ်ခုကို ရောက်ရှိစေနိုင်တယ်။ အဲဒီလို မှန်ကန်တဲ့ တရားတော်တွေကို ထုထည်ကြီးမားစွာ မြတ်စွာဘုရား ဟောပြောဆုံးမတော်မူခဲ့တာ။ (၄၅) ဝါ ကာလပတ်လုံး ဟောပြောထားတဲ့ တရားဓမ္မတွေရဲ့ အရေအတွက်ဟာ အလွန်ပဲများပြားလှတယ်။

စာပေကျမ်းဂန်အနေနဲ့ ပြောရမယ် ဆိုလို့ရှိရင် **နိကာယ** လို့ခေါ်တဲ့ စကားလုံးကို အသုံးပြုပြီးတော့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေကို combination လို့ခေါ်တဲ့ စာအုပ်စာတမ်းနဲ့ ဖွဲ့ပြီးတော့ထားတဲ့အခါမှာ မြန်မာလို ပြောကြတဲ့အခါ နိကာယ်ငါးရပ်။ နိကာယဆိုတာ collection ကိုပြောတာ။ စုထားတာ။ ဘုရားဟောတဲ့

www.dhammadownload.com



တရားမမှုတွေကို စုဆောင်းထားတာ။ အဲဒီ စုဆောင်းထားတဲ့ တရားတွေကို ဘယ်စနစ်နဲ့ စုဆောင်းသလဲ ဆိုလို့ရှိရင် ဟောပြောချက်ဟာ ရှည်လျားတဲ့ဟောပြောချက်တွေရှိတယ်၊ မတိုမရှည် အလယ်အလတ် ဟောပြောချက်တွေရှိတယ်။ ပတ်သက်ရာ ပတ်သက်ရာ အကြောင်းတွေကို ဖော်ပြပြီးတော့ အစုလိုက် အစုလိုက်၊ အကြောင်းအရာအလိုက် စုဆောင်းထားတဲ့ ဟောပြောချက်တွေရှိတယ်။ တစ်ခုစီ တစ်ခုစီ တိုးပြီးတော့ မှတ်သားစရာတွေကို ပြည့်နှက်နေအောင် ဖော်ပြထားတဲ့ ဟောပြောချက်တွေရှိတယ်။ အထွေထွေအမျိုးစုံ ဟောပြောချက်တွေရှိတယ်။ အဲဒီ ဟောပြောချက်တွေကို စုဆောင်းလိုက်တဲ့အခါကျတော့ ရှည်လျားတဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမ တရားတော်တွေကျတော့ **ဒီဃနိကာယ**လို့ခေါ်တယ်။ **ဒီဃ** ဆိုတာ ရှည်လျားသော၊ **နိကာယ** က စုထားတာ။ မြတ်စွာဘုရားရဲ့ အဆုံးအမတွေကို အကျယ်တဝင့်ဖွင့်ဆိုပြီးတော့ ဟောကြားထား

www.dhammadownload.com



တာ ဖြစ်တဲ့အတွက် ဟောပြောချက်တွေကို စုဆောင်းတဲ့အခါမှာ ရှင်းလင်းပြတ်သားစွာ ရှည်လျားတဲ့ဒေသနာမျိုးဖြစ်လို့ အဲဒါမျိုးကို **ဒီဃနိကာယ** လို့ခေါ်တယ်။ သုတ်ပေါင်းအနေနဲ့ပြောမယ်ဆိုရင် (၃၄)သုတ်ရှိတယ်။

**မဇ္ဈိမနိကာယ**ဆိုတာ မတိုမရှည် ဟောပြောထားတဲ့ ဒေသနာတော်တွေ၊ သုတ်ပေါင်းအားဖြင့် (၁၅၂) သုတ်ရှိတယ်။ **သံယုတ္တနိကာယ**လို့ခေါ်တဲ့ ဆက်ဆိုင်ရာ ဆက်ဆိုင်ရာ အကြောင်းအရာလေးကို အစုလိုက် အစုလိုက် လုပ်ပြီးတော့ စုဆောင်းထားတဲ့ ဒေသနာတော်တွေကျတော့ သုတ်ပေါင်းအနေနဲ့ ပြောမယ်ဆိုရင် (၇၇၆၂) သုတ်ရှိတယ်။ **အင်္ဂုတ္တရနိကာယ** လို့ခေါ်တဲ့ အကြောင်းအရာ အင်္ဂါရပ်ကလေးတွေ တစ်ခုစီ တစ်ခုစီ တိုးတိုးပြီးတော့ ဟောထားတာတွေကို အားလုံး စုဆောင်းပြီးတော့ စာပေအနေနဲ့ စနစ်တကျ စုဆောင်းဖော်ပြထားတာကျတော့ သုတ်ပေါင်း(၉၅၅၇) သုတ်ရှိတယ်။ နောက်ဆုံးမှာ အထွေထွေမှတ်တမ်းတင်ထား

www.dhammadownload.com



တဲ့ **ခုဒ္ဒကနိကာယ** ဆိုတာကျတော့ ဝိနယပိဋကကြီး တစ်ခုလုံးလည်း ခုဒ္ဒကနိကာယထဲမှာပါတယ်၊ အဘိဓမ္မ ပိဋကကြီးတစ်ခုလုံးလည်း ခုဒ္ဒကနိကာယမှာ ပါတယ်၊ ကျန်တဲ့ ဒေသနာတော်တွေ၊ အထွေထွေဟောထားတဲ့ ဒေသနာတော်တွေလည်း ခုဒ္ဒကနိကာယမှာပါတယ်။ ဒါက နိကာယ်နဲ့ခွဲလိုက်တဲ့အခါမှာ နိကာယ်ငါးရပ်လို့ ဒီလိုပြောတာ။

ပိဋကသုံးပုံ ဆိုတာကျတော့ အားလုံးသိကြတဲ့ အတိုင်း ရဟန်းသံဃာတွေ စည်းမျဉ်းစည်းကမ်းနဲ့အညီ နေတတ်ထိုင်တတ်ဖို့၊ ကျင့်သုံးလိုက်နာတတ်ဖို့ ဆုံးမ ထားတဲ့၊ ဥပဒေလို့ခေါ်ရတဲ့၊ လိုက်နာကျင့်သုံးရမယ့် ကျင့်ထုံးဥပဒေလို့ခေါ်ရတဲ့ **ဝိနယပိဋက**က တစ်ခု။ သတ္တဝါတွေရဲ့အကျင့်စရိုက်၊ သတ္တဝါတွေရဲ့အဇ္ဈာသယ ကိုကြည့်ပြီးတော့ ယဉ်ကျေးလိမ္မာအောင် ဆုံးမဟော ကြားခဲ့တဲ့ ဒေသနာတော်တွေကိုတော့ **သုတ္တန္တပိဋက** လို့ ဒီလိုခေါ်တယ်။

www.dhammadownload.com



သတ္တဝါတွေရဲ့ အကျင့်စရိုက်ကို မလိုက်ဘဲနဲ့၊ သဘာဝတရားတွေဟာ လောကကြီးနဲ့ ဆက်သွယ်ပြီး၊ သတ္တဝါတွေနဲ့ဆက်သွယ်ပြီး ဘယ်ပုံဘယ်နည်းဖြစ်ပေါ်နေတယ်၊ သဘာဝတရားတွေရဲ့ စွမ်းဆောင်မှုဟာ ဘယ်ပုံဘယ်နည်းရှိတယ် ဆိုတာကို သဘာဝတရား သက်သက် ရှင်းလင်းဟောကြားတဲ့တရားတော်ကိုတော့ **အဘိဓမ္မပိဋက** လို့ ဒီလို ပိဋကအားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးရပ်လို့ မြတ်စွာဘုရားဟောထားတဲ့ ဒေသနာတော်တွေဟာ အလွန်များလှတယ်။

ဒီနေ့ခေတ်မှာရှိကြတဲ့ ဘယ်ဘာသာတရားမှ မြတ်စွာဘုရားရဲ့ အဆုံးအမလောက်များတာ မရှိဘူး၊ စုဆောင်းထားတာလည်း မရှိဘူး။ မြတ်စွာဘုရားရဲ့ အဆုံးအမတွေဟာ အင်မတန်မှ ကြီးမားကျယ်ပြန့်လှပါတယ်။ လောကလူသားတွေအနေနဲ့ မြန်မာလူမျိုးတွေ ထင်ကောင်းထင်လိမ့်မယ်၊ ဘုရားဟောတဲ့တရားတော်တွေက လောကုတ္တရာတရားတွေ၊ ဒို့နဲ့မဆိုင်ဘူး၊

www.dhammadownload.com



ဘုန်းကြီးစာပေတွေလို့ ဒီလို ထင်ကောင်းထင်မယ်၊ မဟုတ်ဘူး၊ မြတ်စွာဘုရားဟောထားတဲ့ တရားတော်တွေထဲမယ် ဒီဘဝ ကောင်းကျိုးချမ်းသာ ရစေနိုင်တဲ့ နည်းစနစ်တွေ၊ နောင်ဘဝကောင်းကျိုးချမ်းသာ ရစေနိုင်တဲ့ နည်းစနစ်တွေ၊ ဤဘဝ ထိုဘဝ ဘယ်ဘဝမှ မကြိုက်လို့ သံသရာဝဋ်က လွတ်ချင်တယ်ဆိုတဲ့ပုဂ္ဂိုလ်တွေအတွက် မှန်ကန်တဲ့နည်းစနစ်တွေကို ဖော်ပြထားတာ ဖြစ်တဲ့အတွက် လောကလူတွေဟာ မြတ်ဗုဒ္ဓရဲ့ အဆုံးအမအတိုင်း လိုက်နာကျင့်သုံးနိုင်ကြမယ်ဆိုရင် ဘဝမှာ ငြိမ်းချမ်းသာယာစွာနေထိုင်နိုင်ပြီး အောင်မြင်ကြီးပွားမှုကို အပြည့်အဝ ရရှိစေနိုင်တဲ့ နည်းစနစ်တွေချည်းပဲ။

ပြောရမယ်ဆိုရင် ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တွေထဲမှာ စီးပွားရေးပညာရပ်တွေလည်းပါတယ်၊ နိုင်ငံရေးပညာရပ်တွေလည်းပါတယ်၊ လူမှုရေး ပညာရပ်တွေလည်းပါတယ်။ တစ်ခါတစ်လေ အံ့သြဖွယ်ကောင်း

www.dhammadownload.com



လောက်အောင် စိတ်ပညာရပ်တွေတောင် ပါတယ်။ ဘုန်းကြီးတို့ ဂျာမဏီနိုင်ငံသွားပြီးတော့ အဘိဓမ္မာ သင်တန်း ပို့ချတဲ့အခါမှာ ဂျာမာန်ကြီးတစ်ယောက်က လာပြီးတော့ မေးခွန်းတွေမေးတယ်။ သူမေးတဲ့မေးခွန်း က ခုခေတ် ခေတ်စားနေတဲ့ Clone ဆိုတာ ဗုဒ္ဓဘာသာ အရ ဖြစ်နိုင်သလား" လို့ မေးတာ။ ဖြစ်နိုင်တယ်။ Clone ဆိုတာ သံသေဒဇ ဒီလိုပြောလို့ရတယ်။ သံသေဒဇ ဆိုတာ အညှိကိုစွဲပြီးတော့ သန္ဓေခပြီး မွေး လာတဲ့ သဘောတရားမျိုး။ လောကမှာ သတ္တဝါတွေ မွေးဖွားလာတာ(၄)မျိုး၊ နည်းလမ်း(၄)သွယ်နဲ့ သတ္တဝါ အဖြစ်ကို ရောက်ရှိလာကြတယ်။

လူသားတွေ သတ္တဝါအဖြစ် လူ့လောကကို ရောက်လာတဲ့ နည်းစနစ်ကတော့ မိခင်ရဲ့ဝမ်းထဲမှာ ကလလရေကြည်ကနေ စပြီးတော့ သန္ဓေတည်လို့ တဖြည်းဖြည်းကြီးထွားလာတဲ့စနစ်။ ဒါကို **ဂဗ္ဘသေယျက** လို့ခေါ်တယ်။ အမိဝမ်းထဲမှာ ကိန်းအောင်းပြီးတော့

www.dhammadownload.com



ကြီးထားလာရတဲ့သဘော။ အဲဒီ **ဂဗ္ဘသေယျက** ကို ထပ်ခွဲလိုက်တဲ့အခါ **ဇလာဗုဇ** လို့ခေါ်တယ်၊ သားအိမ်ထဲမှာ သန္ဓေခပြီးတော့ ကြီးထွားလာရတဲ့သတ္တဝါမျိုး။ အဲဒါကို **ဇလာဗုဇ**။ လောကလူသားတွေ၊ ခြေ(၄)ချောင်းရှိတဲ့ သတ္တဝါအချို့တို့၊ မိခင်ရဲ့ဝမ်းထဲမှာ သန္ဓေခပြီးတော့ မွေးဖွားလာရတာ၊ **ဇလာဗုဇ**။

နောက်တစ်ခါ ကြက်တွေ၊ ငှက်တွေ ကြည့်လိုက်မယ် ဆိုလို့ရှိရင် 'ဥ'ထဲမှာ သန္ဓေခပြီးတော့ မွေးဖွားလာရတဲ့ ပုဂ္ဂိုလ်တွေကျတော့ **အဏ္ဍဇ** လို့ခေါ်တယ်။ **အဏ္ဍ** ဆိုတာ ကြက်ဥ၊ ငှက်ဥ။ အဲဒီလိုမဟုတ်ဘဲနဲ့ အစို၊ အစေး၊ အညှိကို စွဲမှီပြီးတော့ မွေးဖွားလာတဲ့ သတ္တဝါတွေကျတော့ **သံသေဒဇ** လို့ ခေါ်တယ်။ **သံသေဒဇ** ဆိုတာ အစို၊ အစေးခံတတ်။ နောက်တစ်ခုကတော့ **ဩပပါတိက** လို့ခေါ်တယ်။ ကိုယ်ထင်ရှား ဘွားခနဲပေါ်လာပြီး မွေးဖွားနည်းလည်းရှိတယ်။ နတ်တွေ၊ ဗြဟ္မာတွေ၊ ငရဲဘုံရောက်တဲ့ ငရဲသားတွေ၊ ပြိတ္တာတွေ

www.dhammadownload.com



ဆိုတာ ဘွားခနဲ ကိုယ်ထင်ရှားဖြစ်ပြီးတော့ မွေးဖွားလာတာ။ အဲဒါတွေက ဩပပါတိက လို့ခေါ်တယ်။

အဲဒီလို လောကကြီးမှာ သတ္တဝါတွေရဲ့ မွေးဖွားပုံ မွေးဖွားနည်းကို (၄)မျိုး ဒီလိုဖော်ပြထားတယ်။ ဒီလို ဖော်ပြထားတာနဲ့ ပတ်သက်ပြီးတော့ Clone ဆိုတာ သံသေဒဇ မွေးဖွားနည်းဖြစ်တယ်ဆိုပြီး မြတ်စွာဘုရား လက်ထက်တော်က မြတ်စွာဘုရားဟောခဲ့တဲ့ လူသားတွေရဲ့ အဆင့်ဆင့် ကြီးပွားတိုးတက်လာပုံ၊ ခုခေတ်စကားနဲ့ ပြောမယ်ဆိုရင် Embryology ပေါ့။ Embryology ပညာရပ်မျိုးကို မြတ်စွာဘုရားက

"ပဌမံ ကလလံ ဟောတိ၊
ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊
ပေသိ နိဗ္ဗတ္တတိ ဃနော"

www.dhammadownload.com



ကလလရေကြည်လေးကစပြီး တဖြည်းဖြည်း ရက်သတ္တပတ်တစ်ခုလျှင် တစ်မျိုးတစ်မျိုး ပြောင်းလဲလာတဲ့ မွေးဖွားလာပုံကို အသေးစိတ် ဖော်ပြတယ်။

အဲဒီအကြောင်း ပြောလိုက်တော့ ပိဋကတ်ထဲမှာ တကယ်ရှိတာလား၊ ရှိတယ်လို့။ သံယုတ္တနိကာယ်၊ ဣန္ဒကသုတ်မှာ တကယ်ရှိတယ်ဆိုတော့ သူတော်တော် အံ့ဩသွားတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၆၀၀ က ဒါတွေ မသိဘူးလို့ သူတို့ကထင်တယ်။ Modern Science လို့ အောက်မေ့တာပေါ့။ မဟုတ်ဘူး၊ မြတ်စွာဘုရား လက်ထက်ကတည်းက ဒါတွေဟာ သိရှိနားလည်ပြီးသား ဖြစ်တယ်။ အဲဒီတော့ မြတ်စွာဘုရားရဲ့ဟောပြောချက်တွေဟာ ကြည့်လိုက်မယ်ဆိုလို့ရှိရင် ခေတ်မီရုံမက ဘူး၊ ခေတ်ရဲ့ရှေ့ကိုရောက်နေတယ်။ လောကလူသားတွေ ရှိနေသမျှကာလပတ်လုံး မှန်ကန်တဲ့နည်းလမ်းနဲ့ စီးပွားရှာနည်း၊ မှန်ကန်တဲ့နည်းနဲ့ တိုင်းပြည်အုပ်ချုပ်နည်း၊ မှန်ကန်တဲ့နည်းနဲ့ လူမှုရေး ဆောင်ရွက်နည်း၊

www.dhammadownload.com



စိတ်နေသဘောထား မှန်ကန်စွာ ထားနည်းကအစ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးရော အရေးရေးအရာရာ ပြည့်ပြည့်စုံစုံ မြတ်စွာဘုရားဟာ ဟောပြောဆုံးမထားတာဖြစ်လို့ တကယ့်ကို ပိဋကတ်တော်ကြီးဟာ Ocean of knowledge လို့ ပြောရမယ်။ တကယ့်ကို ပညာရပ်တွေရဲ့ ပင်လယ်ကြီးပါပဲ။ အဲဒီလောက်များပြားတဲ့ မြတ်စွာဘုရားရဲ့ ဒေသနာတော်တွေဟာ ဗုဒ္ဓဘာသာရဲ့ အဆုံးအမသာ ဖြစ်တယ်။

အံ့ဩစရာကောင်းတာက မြတ်မာလူမျိုးတွေက ကိုယ့်နိုင်ငံမှာ မြေကြီးထဲက သယံဇာတတွေ ပေါများကြွယ်ဝတယ်ဆိုပြီး ဂုဏ်ယူကြတယ်။ သို့သော် တကယ်ဂုဏ်ယူထိုက်တာကတော့ ဗုဒ္ဓရဲ့ တရားဓမ္မတွေ မြန်မာပြည်မှာ အပြည့်အဝရှိတယ်ဆိုတာကို ပိုဂုဏ်ယူထိုက်တယ်။ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးဖြာ၊ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ဟာ မြန်မာပြည်မှာ စာအုပ်အနေနဲ့တင် ရှိတာမဟုတ်ဘူး၊ အဓိပ္ပာယ် ဖော်ထုတ်နိုင်တဲ့၊

www.dhammadownload.com



အဓိပ္ပာယ်နားလည်နိုင်ပြီးတော့ မြန်မာလူမျိုးတွေရဲ့ နှလုံးသားထဲမှာ အချိန်မရွေး ရရှိနိုင်လောက်အောင် လေ့လာသင်ယူနိုင်တဲ့ အနေအထားအနေနဲ့ ပိဋကတ်စာအုပ်တွေဟာ မြန်မာပြည်မှာ လွယ်လွယ်ကူကူနဲ့ ဖတ်ရှုနိုင်သည်ထိအောင် ပေါပေါများများရှိနေတာဟာ အလွန်အံ့ဩစရာကောင်းတယ်။ မြန်မာနိုင်ငံထက် ရှေးကျပြီးတော့ ပါဠိ ပိဋကတ်တွေ ထွန်းကားခဲ့တဲ့ သီဟိုဠ်နိုင်ငံမှာတောင် မြန်မာပြည်လောက် ဒီပိဋကတ်စာပေတွေနဲ့ ပတ်သက်ပြီး ကြွယ်ဝမှုမရှိတဲ့အတွက် နောက်ပိုင်းမှာ မြန်မာပြည်ကပဲ ပြန်ပြီးတော့ယူကြရတာတွေရှိတယ်။

အဲဒီလို မြန်မာလူမျိုးတွေအနေနဲ့ အလွန်ဂုဏ်ယူစရာ ကောင်းတာကတော့ သယံဇာတထက် တန်ဖိုးရှိတာက ပိဋကတ်လို့ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေသာဖြစ်တယ်။ အဲဒီ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေဟာ ဓမ္မက္ခန္ဓာအားဖြင့် ပြောမယ်ဆိုရင် ၈၄၀၀၀ ရှိတယ်။

www.dhammadownload.com



၈၄၀၀၀ ကို ဘယ်ပုံဘယ်နည်းနဲ့ တွက်တာတုန်းဆိုရင် တွက်ပုံတွက်နည်းလေးကို စာပေကျမ်းဂန်မှာ ရှင်းပြထားတာရှိတယ်။ အကြောင်းအရာတစ်ခုခုကိုဦးတည်ထားတာ၊ အကြောင်းအရာလေးတစ်ခုနဲ့ ဦးတည်ပြီးတော့ပြောတယ်၊ ဥပမာ-နိုင်ငံရေးနဲ့ဦးတည်ပြီးတော့ ဟောပြောချက်လေးတစ်ခုဆိုရင် အဲဒီ နိုင်ငံရေးဆိုတဲ့ ဦးတည်ချက်လေးတစ်ခုဟောတာကို ဓမ္မက္ခန္ဓာတစ်ခုလို့ သတ်မှတ်တယ်။ ရှည်တာ တိုတာ အဓိကမဟုတ်ဘူး၊ အကြောင်းအရာနဲ့ သတ်မှတ်တယ်။

တချို့ ဟောပြောချက်တွေမှာတော့ နိုင်ငံရေးလည်း ပါတယ်၊ စီးပွားရေးလည်းပါတယ်၊ တခြားအရေးအရာတွေလည်း ပါတယ်ဆိုရင် ဦးတည်ချက်ကလေးတွေ၊ စပ်ဆိုင်မှုကလေးတွေက တစ်ခုမကဘူး၊ နှစ်ခုသုံးခုရှိတယ်။ အဲဒီမှာ အကြောင်းအရာတစ်မျိုးကို ဓမ္မက္ခန္ဓာတစ်ခုလို့ ဒီလိုသတ်မှတ်တယ်။ အကြောင်း

www.dhammadownload.com



အရာ နှစ်မျိုးရှိရင် ဓမ္မကဒ္ဒ္ဒာနှစ်ခု၊ အကြောင်းအရာ သုံးမျိုး စပ်ဆိုင်ပါဝင်လာရင် သုံးခုလို့ ဒီလိုသတ်မှတ်တယ်။

နောက် ဂါထာဗန္ဓ လို့ခေါ်တဲ့ ကဗျာပေါ့။ အားလုံးသိကြတဲ့အတိုင်း ဂါထာဆိုတာ မင်္ဂလသုတ်မှာလာတဲ့

**"အသေဝနာစ ဗာလာနံ**

**ပဏ္ဍိတာနဉ္စ သေဝနာ**

**ပူဇာ စ ပူဇနေယျာနံ**

**ဧတံမင်္ဂလမုတ္တမံ"**

ရေကြည့်လိုက်ကြည့်၊ တစ်ပိုဒ်တစ်ပိုဒ်ကို ရှစ်လုံးနဲ့ ဖွဲ့ထားတာ။ အဲဒီ Rhythm ဆိုတဲ့ ကာရံလည်းပါတယ်၊ ရှစ်လုံးတညီတည်း ဖွဲ့ဆိုထားတာလည်းပါတယ်၊ ဒါကို ကဗျာလို့ခေါ်တာပေါ့။ မြန်မာလိုကျတော့ အဲဒီ **ဂါထာ ဗန္ဓ** နဲ့ ဖွဲ့ဆိုထားတဲ့အခါကျတော့ မေးခွန်းဖြစ်ခဲ့လို့ရှိရင် အဲဒီ မေးခွန်းဟာ ဓမ္မခန္ဓာတစ်ခု၊ အဖြေစကား ဆိုလို့

www.dhammadownload.com



ရှိရင် အဖြေစကားက ဓမ္မက္ခန္ဓာတစ်ခုလို့ အဲဒီလို **ဂါထာဗန္ဓ** နဲ့ ပတ်သက်ပြီးတော့ အမေးအဖြေနှစ်မျိုး။ မေးခွန်းမဟုတ်ဘဲနဲ့ ဒီအတိုင်း statement လို့ခေါ်တဲ့ ဖော်ပြချက် ဆိုလို့ရှိရင်လည်း ဓမ္မက္ခန္ဓာတစ်ခုလို့ ဒီလို သတ်မှတ်တယ်။ အဘိဓမ္မာကျမ်းတွေကျတော့ ဝေဖန်ပြတဲ့ အချက်တွေရှိတယ်။ အစုသုံးခုပြပြီးတော့ ဝေဖန်တာ ရှိတယ်၊ အစုနှစ်ခုပြပြီးတော့ ဝေဖန်တာရှိတယ်။ စိတ်တွေရဲ့ ဖြစ်ပေါ်မှုနဲ့ပတ်သက်ပြီးတော့ ဝေဖန်ပြတာ ရှိတယ်။ အဲဒီ ဝေဖန်ချက်ကလေးတွေ အပိုင်းလိုက် အပိုင်းလိုက်၊ တစ်မျိုးစီ တစ်မျိုးစီကို ဓမ္မက္ခန္ဓာတစ်ခုလို့ ဒီလိုသတ်မှတ်တယ်။

နောက်တစ်ခါ ဝိနည်းမှာဆိုလို့ရှိရင် ဥပဒေတစ်ခု ဖြစ်ပေါ်လာတဲ့အကြောင်းက ဓမ္မက္ခန္ဓာတစ်ခု၊ အဲဒီ အကြောင်းမှာ အခြေခံမူတည်ဖော်ပြတဲ့ outline လို့ ခေါ်တဲ့ မာတိကာပါတယ်၊ အဲဒါက ဓမ္မက္ခန္ဓာတစ်ခု။ အဲဒီမာတိကာကို ချဲ့ဖွင့်ရှင်းပြတဲ့ စကားရပ်က ဓမ္မက္ခန္ဓာ

www.dhammadownload.com



တစ်ခု။ ဒီကြားထဲမှာ ကြားအပြစ် အဆင့်ဆင့်ဖော်ပြတဲ့အခါမှာ အပြစ်အကြီးထိအောင် မရောက်သေးခင် ဥပမာမယ်ဆိုပါစို့၊ အရင် ဥပဒေတွေ ပြောမယ်ဆိုရင် ပုဒ်မ ၃၀၂ ဆိုရင် လူသတ်မှု၊ ပုဒ်မ ၃၀၄ ဆိုရင် လူသေမှု ဆိုတာမျိုးလိုပေါ့။ လူသတ်မှုရဲ့ ရှေ့ပိုင်းမှာ ဖြစ်တဲ့ အရာမျိုးတွေ၊ လူသေမှုဆိုတဲ့ ဥပဒေပုဒ်မခွဲလေးတွေဆိုတာ မျိုးတွေ ခမ္မက္ခန္ဓာတစ်ခုလို့ ဒီလိုသတ်မှတ်တယ်။ အပြစ်ကြီး ချမှတ်ထားတဲ့ သတ်မှတ်ထားတဲ့ အပြစ်တစ်ခုကိုတော့ ခမ္မက္ခန္ဓာတစ်ခု၊ အပြစ်က ကင်းလွတ်ခွင့်ရတဲ့ အချက်တွေ ဖော်ပြတာကျတော့ ခမ္မက္ခန္ဓာတစ်ခုဆိုပြီးတော့ နောက်တစ်ခါ ကုသိုလ်စိတ်နဲ့ လုပ်တာလား၊ အကုသိုလ်စိတ်နဲ့ လုပ်တာလား၊ တခြားစိတ်နဲ့ လုပ်တာလားဆိုရင် လူ့ရဲ့စိတ်ဓာတ်ကိုပါ ဒီပြစ်မှုတစ်ခုကို ကျူးလွန်တာဟာ ကောင်းတဲ့စိတ်နဲ့ ကျူးလွန်တာလား၊ မကောင်းတဲ့စိတ်နဲ့ ကျူးလွန်တာလားကအစ အသေးစိတ် ခွဲပြတာက ခမ္မက္ခန္ဓာတစ်ခု

www.dhammadownload.com



ဆိုပြီးတော့ ' ဒါက အကြမ်းဖျဉ်း မေ့ကွန္တာပေါင်း ၈၄၀၀၀ ရေတွက်ပုံ ရေတွက်နည်းလေးကို ရှင်းပြတာ။

ဆိုလိုတာကတော့ မြတ်စွာဘုရား ဟောပြတဲ့ တရားမေ့တွေဟာ အလွန်ကျယ်ပြန့်ပြီးတော့ အလွန်များတယ်။ မှတ်သားစရာအချက်တွေ အလွန်များပြီး မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေဟာ လောကကောင်းကျိုး အတွက်ရှိသလို တမလွန်ဘဝ ကောင်းကျိုးအတွက်တွေ လည်းပါတယ်။ နိုင်ငံရေးအတွက်ပါတယ်၊ စီးပွားရေး အတွက်ပါတယ်။ အကုန်လုံး မြတ်စွာဘုရား ဟောပြ ချက်တွေက အင်မတန်မှ ပြည့်စုံတယ်။ တိုင်းပြည် အုပ်ချုပ်တဲ့စနစ်တွေ၊ ဧကရာဇ်မင်းစနစ်နဲ့ အာဏာရှင် အနေနဲ့ တိုင်းပြည်ကို အုပ်ချုပ်ရင် မင်းကျင့်တရား ၁၀ ပါး ဆိုတာ မြတ်စွာဘုရား ရှင်းပြတယ်။ အဲဒီအတိုင်း အုပ်ချုပ်ပါ၊ အကယ်၍ စုပေါင်းအုပ်ချုပ်တဲ့ ပါတီတစ်ခု က သို့မဟုတ် လူမျိုးတစ်မျိုးက အုပ်စိုးတဲ့စနစ်မျိုးနဲ့ အုပ်စိုးမယ်ဆိုရင် မပြတ်စည်းဝေးပါဆိုတဲ့ ညီညီညွတ်

www.dhammadownload.com



ညွှတ် စည်းဝေးတိုင်ပင်ပြီးမှ အုပ်ချုပ်ပါလို့ဆိုတဲ့ **အပရိ ဟာနိယတရား (၇)ပါး**ဆိုတာ မြတ်စွာဘုရားဟောထား တယ်။

အဲဒီလို တိုင်းပြည်အုပ်ချုပ်တဲ့နည်းတွေ၊ အခု ခေတ်လို **democracy** လို့ ဒီလိုပြောတာတော့ မဟုတ် ဘူး။ သို့သော် မြတ်စွာဘုရားရဲ့ စကားတော်တွေထဲမှာ **အဝိရောဓနေ**- အများပြည်သူတွေနဲ့ မဆန့်ကျင်ရဘူး ဆိုတဲ့ စကားလုံးဟာ အင်မတန်မှ ခေတ်မီတဲ့စကားလုံး တစ်ခုပဲဖြစ်တယ်။

အဲဒီလောက် ကြွယ်ဝလှတဲ့ အသိပညာ၊ အတတ် ပညာတွေရဲ့ဆုံစည်းရာ၊ စုပေါင်းထားရာ ပိဋကတ်တော် ဟာ မြန်မာလူမျိုးတွေရဲ့ လက်ထဲမှာ ကံကောင်းလို့ ရောက်ရှိပြီးတော့နေတာ။ တကယ့်တန်ဖိုးရှိတဲ့ အဆုံး အမ တရားတော်တွေ ရောက်ရှိလာတာ။ အဲဒီ ရောက်ရှိ လာတဲ့ တရားမွေတွေကို ဘယ်ပုံဘယ်နည်း ထိန်းသိမ်း လာရသလဲ၊ ဒီတရားမွေတွေ သိရှိနားလည်သည့်

www.dhammadownload.com



အတွက်ကြောင့် လောကလူသားတွေဟာ ဒီကနေ့ခေတ် မြန်မာလူမျိုးတွေ ဗုဒ္ဓရဲ့သမိုင်း၊ ဗုဒ္ဓဘာသာရဲ့ သမိုင်းကို ကြည့်လိုက်လို့ရှိရင် ဗုဒ္ဓဘာသာမှာ လောကကြီး တစ်ခုလုံးကို ဒုက္ခပေးတဲ့ စစ်ပွဲမျိုးတွေဟာ ဗုဒ္ဓဘာသာက ဖန်တီးတာမျိုး မရှိခဲ့ဘူး။ ဘဝမှာ အလွန် အေးချမ်းတယ်၊ ငြိမ်သက်တယ်၊ ငြိမ်းချမ်းရေးကို မြတ်နိုးတယ် ဆိုတာ ဗုဒ္ဓရဲ့ အဆုံးအမတွေထဲမှာ အလွန်ထင်ရှားတယ်။ သမိုင်းကြောင်းကို ကြည့်လိုက်မယ်ဆိုရင်လည်း အလွန်အေးချမ်းတဲ့ အနေအထားမျိုးတွေကို ဖြစ်ပေါ်စေတာ၊ အဲဒီလိုဖြစ်ပေါ်စေလောက်အောင် စွမ်းဆောင်မှုကိုပေးနိုင်တဲ့ မြတ်ဗုဒ္ဓရဲ့အဆုံးအမတွေ လောကကြီးထဲမှာ ရှိနေသမျှကာလပတ်လုံး လောက လူသားတွေဟာ ကောင်းကျိုးချမ်းသာတွေကို ရနေကြဦးမှာ ဖြစ်တယ်။ မလုပ်သင့်တာနဲ့ လုပ်သင့်တာတွေကို ခွဲခြားသိပြီးတော့ မလုပ်သင့်တာတွေကို ရှောင်ဖို့၊ လုပ်သင့်တာတွေကို လုပ်ဖို့ဆိုတာကို မီးရှူးတန်ဆောင် အနေအားဖြင့်

www.dhammadownload.com



ဖော်ပြနေမှာ ဖြစ်တယ်။ ဒါကြောင့်မို့ ဒီကနေ့ခေတ်မှာ မြတ်ဗုဒ္ဓဟောပြောခဲ့တဲ့ အဆုံးအမတွေ ပျောက်ကွယ်ပြီးတော့ မသွားအောင် ဘယ်သူတွေက စွမ်းဆောင်လာခဲ့သလဲလို့ဆိုရင် သံဃာတွေက ဆောင်ရွက်လာခဲ့ကြတာ ဖြစ်တယ်။ သံဃာမရှိတဲ့ နိုင်ငံတွေမှာ တရားဓမ္မတွေ ပျောက်ကွယ်သွားပြီပေါ့။ သံဃာတွေ ရှိနေသေးတဲ့ နိုင်ငံတွေမှာ တရားဓမ္မတွေဟာ ကွယ်ပသွားခြင်း မရှိသေးဘူး။

သို့သော်လည်း သံဃာတွေရဲ့ စွမ်းဆောင်မှုကို ကြည့်ရှုပြီးတော့ ဘုန်းကြီးတို့တတွေ ဒီကနေ့ မြန်မာနိုင်ငံမှာ ရောက်ရှိနေတဲ့ တရားဓမ္မတွေ ဘယ်ပုံဘယ်နည်း သံဃာတွေက ဆောင်ရွက်လာခဲ့တယ် ဆိုတာလေးကို ပိဋကတ်ထဲက ထုတ်နုတ်ပြီးတော့ သိရှိအောင် အနည်းငယ်ဟောဖို့။ ဒါကြောင့်မို့ ခေါင်းစီးကို '**အများအတွက် သံဃာတော်တို့ရဲ့ ဆောင်ရွက်ချက်**'လို့၊ အခုဒီလို ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ

www.dhammadownload.com



သံဃအစည်းအဝေးကြီးတွေ ကျင်းပတယ် ဆိုတာ ငွေကြေး အလွန်များစွာ အကုန်အကျခံပြီးတော့ ဒီလိုစည်းဝေးကြရတာဟာ ဘယ်လိုအကျိုးအတွက်၊ ဘာတွေအတွက် လုပ်ရသလဲဆိုရင် ဟောဒီ မြတ်စွာဘုရားရဲ့ အဆုံးအမတွေကို ထိန်းသိမ်းဖို့အတွက် လုပ်တာပဲဖြစ်တယ်။

မြတ်စွာဘုရားရဲ့ တရားဓမ္မတွေကို လောကကြီးထဲမှာ ပြန့်ပွားဖို့အတွက် တိုင်ပင်ညှိနှိုင်းပြီးတော့ ဆောင်ရွက်နိုင်အောင် အခုလို အစည်းအဝေးကြီးတွေလုပ်ပြီး မြတ်စွာဘုရားရဲ့ အဆုံးအမတွေကို ဘုရားလက်ထက်ကစပြီး မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့နောက်ပိုင်းမှာ သံဃာတော်တွေဟာ ဘယ်လို ထိန်းသိမ်းလာတယ်ဆိုတာကို ရှင်းပြတာ။ အခုလို အစည်းအဝေးကြီးတွေလုပ်ပြီး ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့်အတွက်ကြောင့် မြန်မာနိုင်ငံရဲ့ ပိဋကတ်ပညာရေးဟာ ဒီနားထေရဝါဒနိုင်ငံချင်းပဲကြည့်၊ မြန်မာနိုင်ငံရဲ့ ပိဋကတ်

www.dhammadownload.com



ပညာရေးဟာ အဆင့်မြင့်နေတယ်။ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ဝန်ခံစတမ်းဆိုလို့ရှိရင် မြန်မာပြည်ရဲ့ ပရိယတ္တိပညာရေးဟာ အမြင့်ဆုံးအဆင့်မှာ ရှိနေတယ်၊ ဒါက လေ့လာသူမှသိတယ်၊ မလေ့လာတဲ့သူ မသိဘူး။ ဘုန်းကြီးတို့ အိန္ဒိယနိုင်ငံရောက်တဲ့အခါမှာ အိန္ဒိယ နိုင်ငံရဲ့ တက္ကသိုလ်မှာ Professor လုပ်နေကြတဲ့ ဗုဒ္ဓ ဘာသာမဟုတ်တဲ့ ဆရာကြီးတွေကိုယ်တိုင် ဝန်ခံပြော ကြားထားတာ။ မြန်မာနိုင်ငံက ရဟန်းသံဃာတွေက ပါဠိလိုလည်းတတ်တယ်၊ အဘိဓမ္မာလည်း တတ်ကြ တယ်၊ ကမ္မဋ္ဌာန်းလည်း ပြတတ်တယ်ဆိုတဲ့ ဒီဂုဏ်ရည် ဟာ ကမ္ဘာ့ဘယ်နေရာသွားသွား ပြောဆိုခံရတဲ့ဂုဏ်ပဲ။ အဲဒီလို ဂုဏ်တစ်ခုရနေတာဟာ ဘာမှမကြိုးစားဘဲနဲ့ သူ့ဟာသူ ရနေတဲ့ဂုဏ်မျိုး မဟုတ်ဘူး။ မြေကြီးထဲမှာ ရှိတဲ့ သယံဇာတတွေရှိနေလို့ ဂုဏ်ယူရတာမျိုး မဟုတ် ဘူး။ ကြိုးပမ်းအားထုတ်မှုကြောင့်ရတဲ့ ဂုဏ်သိက္ခာတွေ

www.dhammadownload.com



သာဖြစ်တယ်။ အချောင်ရနေတဲ့ ဂုဏ်သိက္ခာတွေ မဟုတ်ဘူး။

အခုလို အစည်းဝေးကြီးတွေ လုပ်ပြီးတော့ မြတ်စွာဘုရားရဲ့ အဆုံးအမတရားတွေ ပြန့်ပွားအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြတဲ့ ကျေးဇူးတရားတွေမှသာ ဖြစ်တယ်။ မြတ်စွာဘုရားလက်ထက်တော်အခါကာလတုန်းက မြတ်စွာဘုရားလည်း သက်တော်အရွယ်ရလာပြီ၊ အဲဒီအချိန်မှာ မြတ်စွာဘုရားနဲ့ ခေတ်ပြိုင် **နိဂဏ္ဌနာဋပုတ္တ** လို့ခေါ်တဲ့ ဒီနေ့ခေတ် အိန္ဒိယနိုင်ငံမှာတော့ ဂျိန်းဘုရားလို့ခေါ်တယ်၊ ဂျိန်းရုပ်တုကြီးတွေဟာ ဘုံဘေဘက်မှာ အကြီးကြီးတွေရှိတယ်။ လမ်းမှာ ဂျိန်းဘုရားရဲ့ ရုပ်တုကြီးတွေ ကိုးကွယ်တာရှိတယ်။ ဗုဒ္ဓဂယာမှာ တောင်မှ ဂျိန်းဘုရားရဲ့ ရုပ်တုတွေ ကိုးကွယ်ထားတာရှိတယ်။ အဲဒီမှာ ဒီနေ့ခေတ်အခေါ် မဟာဝီရ ဂျိန်းဘုရား၊ ပိဋကတ်စာပေထဲမှာသုံးတဲ့ **နိဂဏ္ဌနာဋပုတ္တ**၊ မြတ်စွာဘုရားထက်စောပြီးတော့ နာလန္ဒမြို့ကနေပြီး

www.dhammadownload.com



ပါဝါမြို့ကိုသွားပြီး အဲဒီမှာ မကျန်းမမာဖြစ်ပြီးတော့ သေဆုံးသွားတယ်။ **နိဂဏ္ဌနာဋပုတ္တ**ဆိုတဲ့ ဂိုဏ်းဘုရားဟာ ပါဝါမြို့ကလေးမှာ သေဆုံးသွားတယ်။ ပါဝါဆိုတာ မြတ်စွာဘုရားကို **သူကရမဒ္ဒဝ** လို့ဆိုတဲ့ ဝက်ပျို့သားဟင်း ချက်ကပ်တဲ့ စုန္ဒတို့မြို့။ အဲဒီမြို့မှာ ဂိုဏ်းဘုရားဟာ ပရိနိဗ္ဗာန်စံသွားတယ်၊ ဆုံးပါးသွားတယ်။

သူလည်းဆုံးသွားရော ဘာဖြစ်လဲ၊ ဂိုဏ်းဘုရားရဲ့ တပည့်သာဝကတွေအချင်းချင်း ငြင်းကြခုံကြနဲ့ နောက်ဆုံးမှာ ကွဲပြကုန်တယ်။ တစ်ဦးနဲ့တစ်ဦး မတည့်ကြဘူး၊ အယူဝါဒတွေအမျိုးမျိုး ပြောဆိုကြတယ်။ ပြောဆိုကြတဲ့အခါမှာ ဂိုဏ်းဘုရားရဲ့ သာသနာဟာ၊ ပရိသတ်ဟာ နှစ်မျိုးကွဲထွက်သွားပြီးတော့၊ ငြင်းကြခုံကြနဲ့ ညီညွတ်ရေးတွေ ပျက်ပြားပြီးတော့သွားတယ်။ အဲဒီလို ပါဝါမြို့မှာ ဂိုဏ်းဘုရား ကွယ်လွန်သွားပြီးတဲ့ နောက်မှာ အချင်းချင်း မတည့်လို့ ငြင်းခုံတာကို အကြောင်းပြုပြီးတော့ ရှင်သာရိပုတ္တရာဟာ မြတ်စွာဘုရားနဲ့အတူတကွ ပါဝါ

www.dhammadownload.com



မြို့ကို ရောက်သွားတော့ အဲဒီစကားကို ကြားရတာ။ ကြားရတော့ ရှင်သာရိပုတ္တရာက ရဟန်းသံဃာတွေကို သတိပေးတယ်။ "ငါ့ရှင်တို့၊ **နိဂဏ္ဌနာဋပုတ္တ** ဟာ မကြာခင်ကပဲ ပါဝါမြို့မှာ ကွယ်လွန်အနိစ္စ ရောက်သွားတယ်၊ သူလည်းကွယ်လွန်အနိစ္စ ရောက်သွားရော သူ့ရဲ့ နောက်လိုက်နောက်ပါ တပည့်ပရိသတ်တွေဟာ ကွဲပြကုန်ကြတယ်။ အဲဒီလိုဖြစ်ရခြင်းဟာ သူဟောတဲ့ တရားတွေ မှန်ကန်မှုမရှိလို့ဘဲ"လို့ ရှင်သာရိပုတ္တရာက ထောက်ပြပြီးတော့ မိမိတို့ရဲ့ သီတင်းသုံးဖော် သီတင်းသုံးဖက်တွေကို ရှင်းတယ်။ "**အယံ ခေါ အာဝုသော အမှာကံ ဘဂဝတာ ဓမ္မော သွာက္ခာတော**" ငါ့ရှင်တို့၊ တို့ရဲ့ မြတ်စွာဘုရားဟောထားတဲ့ မှန်ကန်တဲ့တရား၊ ငြိမ်းချမ်းမှုကို ဖြစ်စေတတ်တဲ့တရား၊ တကယ့်ကိုစစ်မှန်တဲ့ အသိဉာဏ်နဲ့ ထုတ်ဖော်ဟောကြားထားတဲ့တရား၊ အဲဒီတရားတွေဟာ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ များပြောင်

www.dhammadownload.com



လှအောင် အများကြီးဟောပြောထားတဲ့ ဆုံးမချက်တွေ ရှိတယ်။

"**တတ္ထ သဗ္ဗေဟေဝ သင်္ဂါယိတဗ္ဗံ**" အဲဒီတရားတွေနဲ့ ပတ်သက်ပြီးတော့ တပည့်တော်တို့တစ်တွေ တစ်ညီတည်း အသံထွက်ကြရမယ်။ တစ်ယောက်တစ်မျိုး မပြောစတမ်းပေါ့။ အားလုံးဟာ ညီညီညွတ်ညွတ်ရှိရမယ်။ သင်္ဂါယနာ ဆိုတဲ့ အဓိပ္ပာယ်၊ **သင်္ဂါယိတဗ္ဗံ** ဆိုတဲ့ စကားလုံးက ဘာတုန်းဆို **သံ**-ဆိုတာ ညီညီညွတ်ညွတ်၊ **ဂါယိတ**- အသံထွက်တာ၊ တညီတည်း အသံထွက်ရမယ်လို့ ဆိုလိုတယ်။ တညီတည်း အသံထွက်တယ်ဆိုတာ ဘာပြောတာတုန်း၊ တစ်ယောက်က သစ္စာလေးပါးလို့ ပြောတယ်၊ ကျန်တဲ့လူတွေကလည်း သစ္စာလေးပါးလို့ ပြောရတယ်။ မဂ္ဂင်ရှစ်ပါးဆို မဂ္ဂင်ရှစ်ပါး။ အဲဒီလိုမဟုတ်ဘူးဆိုရင် တစ်ယောက်က သစ္စာလေးပါး၊ ဟိုလူက သစ္စာငါးပါး၊ မဂ္ဂင်ရှစ်ပါး ဆိုလို့ရှိရင်လည်း ဟိုလူက မဂ္ဂင်ကိုးပါးတို့၊

www.dhammadownload.com



ဆယ်ပါးတို့ ဒီလိုတွေ ဖြစ်လာလို့ရှိရင် တညီတည်း အသံထွက်တယ်လို့ မခေါ်ဘူး။ တစ်ယောက်တစ်မျိုး အမျိုးမျိုးအဖုံဖုံ ပြောပြောပြီးတော့ သူ့ဟာမှန်တယ်၊ ငါ့ဟာမှန်တယ်၊ သူ့ဟာမှားတယ်၊ ငါ့ဟာ မှားတယ်နဲ့ ငြင်းခုံကြတယ်။ အဲဒီလို ငြင်းခုံကြမယ် ဆိုလို့ရှိရင် မြတ်စွာဘုရားရဲ့ အဆုံးအမတွေဟာ ဟိုဟာက မှန်နိုးနိုး၊ ဒီဟာကမှန်နိုးနိုးနဲ့ ကြားရတဲ့ပုဂ္ဂိုလ်တွေမှာ ဇဝေဇဝါဖြစ်ပြီးတော့ ဘုရားရဲ့ အဆုံးအမတွေ ကွယ်ပျောက်သွားနိုင်တယ်။ ဒါကြောင့်မို့လို့ သင်္ဂါယနာဆိုတာ တညီတည်း အသံထွက်ပြီးတော့ ပြောကြားရမှာ ဖြစ်တယ်ဆိုပြီး ရှင်သာရိပုတ္တရာမထေရ်မြတ်က အဲဒီလို သတိပေးခဲ့ဖူးတယ်။ အဲဒီအချိန်က မြတ်စွာဘုရား ဟောထားတဲ့ အဆုံးအမတွေကို တပည့်တော်တို့ တညီတည်း အသံထွက်ကြရမယ်၊ အဲဒီလို တညီတည်း အသံထွက်ပြီး အငြင်းအခုံမရှိမှ မြတ်ဗုဒ္ဓရဲ့ ဗြဟ္မစရိယ လို့

www.dhammadownload.com



ဆိုတဲ့ မြတ်သောအကျင့်ဟာ နှစ်ပေါင်းများစွာ အရှည်တည်တံ့မှာဖြစ်တယ်။

အဲဒီလို နှစ်ပေါင်းများစွာ အရှည်တည်တံ့မှုဟာ လောကသားတို့အတွက် အကျိုးဖြစ်ထွန်းမှာ ဖြစ်တယ်။ အများကောင်းစားဖို့အတွက် ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်မို့ အများကောင်းစားဖို့အတွက် အရှင်ဘုရားတို့ တပည့်တော်တို့ဟာ ကြိုးစားအားထုတ်ကြရမှာ ဖြစ်တယ်လို့ ရှင်သာရိပုတ္တရာမထေရ်မြတ်က အဲဒီတုန်းက ပွင့်ပွင့်လင်းလင်းနဲ့ ရဟန်းသံဃာတော်တွေကို သတိပေးဆုံးမခဲ့ဖူးတယ်။ အဲဒီလို သတိပေးဆုံးမခဲ့ဖူးသလိုပဲ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားတဲ့အခါကျတော့ ပရိနိဗ္ဗာန်မစံခင် ရှင်သာရိပုတ္တရာ အရင်စောပြီးတော့ ပရိနိဗ္ဗာန်ပြုသွားတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့အချိန်မှာ ရှင်သာရိပုတ္တရာ မရှိတော့ဘူး။ အဲဒီထဲမယ် ဘုရားပရိနိဗ္ဗာန်စံသွားပြီးတဲ့နောက်မှာ အကြီးဆုံးမထေရ်ကတော့ ရှင်မဟာကဿပပဲဖြစ်တယ်။

www.dhammadownload.com



ရှင်မဟာကဿပဆိုတာ ပြောမယ်ဆိုလို့ရှိရင် မြတ်စွာဘုရားတပည့်ထဲမယ် နံပါတ်သုံးမှာ ရှိတယ်။ ရှင်သာရိပုတ္တရာက နံပါတ်တစ်၊ ရှင်မောဂ္ဂလာန်က နံပါတ်နှစ်၊ ရှင်မဟာကဿပက နံပါတ်သုံး။ အားလုံးက လေးစားရတယ်။ သို့သော်လည်း ထူးခြားတာတစ်ခု ပြောရမယ်ဆိုရင် ဗုဒ္ဓရဲ့သာသနာတော်မှာ ထူးခြားချက်က ဘာတုန်းဆိုရင် မြတ်စွာဘုရား မရှိတဲ့နောက်မှာ ဘုရားရာထူးဆက်ခံတဲ့ပုဂ္ဂိုလ် မရှိခြင်းဘဲဖြစ်တယ်။

တခြားတွေမှာဆိုရင် ခေါင်းဆောင်တွေ အနားယူသွားရင်၊ ဒါမှမဟုတ် ခေါင်းဆောင်တွေ ကွယ်လွန်သွားတယ်ဆိုရင် နောက်ခေါင်းဆောင်တစ်ယောက် အသစ်တက်တယ်။ တခြားဘာသာတွေမှာ နောက်ခေါင်းဆောင်အသစ် ဆက်ခံတယ်။ နိုင်ငံတွေမှာလည်းပဲ အသစ်ဆက်ခံကြတယ်။ မြတ်စွာဘုရားမှာတော့ အဲဒီလို ဘုရားမရှိတော့တဲ့နောက် ခေါင်းဆောင်အဖြစ် တင်မြှောက်ထားတာမရှိဘူး၊ ရာထူးရာခံဆက်ခံ

www.dhammadownload.com



တဲ့ပုဂ္ဂိုလ် မရှိဘူး။ ဒါဖြင့် မြတ်စွာဘုရားရဲ့ တပည့်သာဝကတွေကို ဘယ်သူခေါင်းဆောင်နေသလဲ၊ ဘာ့ကြောင့် သံဃာတွေဟာ နှစ်ပေါင်း ၂၆၀၀ ကြာတဲ့ ဒီကနေ့ထိအောင် တညီတညွတ်တည်းနဲ့ မြင်တွေ့နေရသလဲ၊ ဘယ်သူတွေက ခေါင်းဆောင်နေသလဲ။ အဲဒီအကြောင်းအရာနဲ့ ပတ်သက်ပြီးတော့ မောဂ္ဂလ္လာနဆိုတဲ့ ပုဏ္ဏားကြီးတစ်ယောက်က ရှင်အာနန္ဒာကို မေးခွန်းထုတ်ဖူးတယ်။ "အရှင်ဘုရားတို့ အရှင်ဂေါတမ ပရိနိဗ္ဗာန်စံသွားတဲ့အခါမှာ အရှင်ဂေါတမက ငါ့ရာထူးကို ဆက်ခံရမယ်လို့ အရိုက်အရာခံမယ့်ပုဂ္ဂိုလ်ရွေးချယ်ထားခဲ့တာ ရှိသလား" ရှင်အာနန္ဒာကဖြေတယ်၊ "မရှိဘူး" "ဒါဖြင့် အရှင်ဂေါတမကိုယ်တိုင် ရွေးချယ်ခန့်အပ်ခဲ့တဲ့ခေါင်းဆောင် မရှိဘူးဆိုရင် သံဃာထုက ရွေးချယ်တင်မြှောက်တဲ့ခေါင်းဆောင်ရော ရှိသလား" ဆိုတော့ "ဒါလည်းမရှိဘူး" ဒီလိုဖြေခဲ့တာ။

www.dhammadownload.com



"အဲဒီတော့ ခေါင်းဆောင်မရှိဘဲနဲ့ ကိုယ်တော်တို့ဟာ ဘာဖြစ်လို့ ညီညွတ်နေတာတုန်း" ဆိုတော့ ရှင်အာနန္ဒာကဖြေတယ်။ "တို့မှာ ခေါင်းဆောင်မရှိဘူး မဟုတ်ဘူး၊ ရှိတယ်၊ ခေါင်းဆောင်က ဘာလဲလို့ဆိုရင် မြတ်စွာဘုရားဟောကြားခဲ့တဲ့ တရားဓမ္မတွေဟာ တို့ရဲ့ ခေါင်းဆောင်ပဲ"။

မြတ်စွာဘုရားကိုယ်တိုင်က ပရိနိဗ္ဗာန်စံခါနီးမှာ **"ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော။ သော ဝေါ မမစ္စယေန သတ္ထာ"** တိတိလင်းလင်း မြတ်စွာဘုရားက ညွှန်ပြထားခဲ့တာ။ ငါပညတ်ခဲ့တဲ့ ဝိနယ၊ ငါဟောပြခဲ့တဲ့ ဓမ္မ၊ အဲဒီ **ဓမ္မဝိနယ** ဟာ ငါမရှိတဲ့နောက် သင်တို့အတွက်ခေါင်းဆောင် ဖြစ်လိမ့်မယ်၊ သင်တို့ရဲ့ဆရာပဲ။ အဲဒီတော့ ရဟန်းသံဃာတွေကို လမ်းညွှန်မှုပေးနေတာဟာ ဘုရားရဲ့ အဆုံးအမတွေသာဖြစ်တယ်။ ဒါကြောင့်မို့ **ဓမ္မ ဝိနယ** ဆိုတာဟာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က

www.dhammadownload.com



မြတ်စွာဘုရားရဲ့ ကိုယ်စားတော်အဖြစ် ထားခဲ့တာ။ ဒါဟာ အဆန်းမဟုတ်ဘူး၊ မြတ်စွာဘုရားကိုယ်တိုင် တဖွဖွဟောထားခဲ့တယ်။ ရှင်ဝက္ကလိကို သတိပေး ဟောကြားထားတာ "**ယော ဓမ္မံ ပဿတိ၊ သော မံ ပဿတိ**" မင်း ဓမ္မကိုတွေ့မှ ငါ့ကိုတွေ့မှာ၊ ဓမ္မကို မတွေ့ဘဲနဲ့ ငါ့ကိုမတွေ့နိုင်ဘူး၊ ဓမ္မကို မြင်အောင်ကြည့်၊ ဓမ္မ အတိုင်း လိုက်နာရမယ်။ ငါဟောခဲ့တဲ့ဓမ္မဟာ ငါ့ကို တွေ့ခြင်း အကြောင်းပဲလို့ ဒီလို ဆုံးမဩဝါဒပေးထားခဲ့တာ ဖြစ်တယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားသည် မှန်ကန်တဲ့တရား ဓမ္မတွေကို ဟောပြောဆုံးမထားခဲ့ပြီးတော့ လောက လူသားတွေအတွက် ထုထည်ကြီးမားလှတဲ့အသိဉာဏ်တွေကို ပေးထားခဲ့တယ်။ အဲဒီ ကြီးမားလှတဲ့အသိဉာဏ်နဲ့ မြတ်စွာဘုရားရဲ့ ဟောပြောချက်တွေကို သံဃာတွေက တညီတညွတ်တည်း ထိန်းသိမ်းစောင့်ရှောက်ကြရတာဖြစ်တယ်။ မြတ်စွာဘုရား ဟောကြားတဲ့အတိုင်း

www.dhammadownload.com



မူရင်းအတိုင်း လက်ခံကျင့်သုံးတဲ့ အနေအထားမျိုး၊ ပြုပြင်မှုမလုပ်ဘဲနဲ့ ဒီလို မြတ်စွာဘုရားဟောတာကို မူရင်းအတိုင်း မှတ်သားထားတာ။

အဲဒီတော့ မြတ်စွာဘုရားပရိနိဗ္ဗာန်စံတဲ့ ကုသိနာရုံမှာ သံဃာပေါင်း ခုနစ်သိန်း တက်ရောက်ခဲ့တယ်။ အဲဒီတုန်းက တက်ရောက်ခဲ့တဲ့ သံဃာ ခုနစ်သိန်းထဲမှာ အကြီးဆုံးမထေရ်ဟာ ရှင်မဟာကဿပပဲ ဖြစ်တယ်။ အဲဒီ ရှင်မဟာကဿပက သာသနာတော် အရှည်တည်တံ့ဖို့အတွက် စီမံချက်တစ်ခုကို ဦးစီးခေါင်းဆောင်လုပ်ပြီးတော့ လှုံ့ဆော် ဟောပြောခဲ့တာဖြစ်တယ်။ ရှင်မဟာကဿပမထေရ်က ရဟန်းသံဃာတွေအားလုံးကို သူလမ်းမှာတွေ့ကြုံခဲ့တဲ့ အတွေ့အကြုံတစ်ခုကို ရှင်းပြတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံကြောင်း သတင်းကြားလိုက်တာနဲ့ တစ်ပြိုင်နက် ရဟန်းသံဃာတွေဟာ ဖြေမဆည်နိုင်အောင် ဖြစ်ခဲ့ကြတယ်။ အဲဒီအချိန်မှာ မြတ်စွာဘုရားအပေါ်မှာ ရန်ငြိုးထားတဲ့

www.dhammadownload.com



သုဘဒ္ဒဆိုတဲ့ ရဟန်းကြီးက **"အလံ အာဝုသော မာ သောစိတ္ထ မာ ပရိဒေဝိတ္ထ"** ငါ့ရှင်တို့ မစိုးရိမ်ကြနဲ့၊ မငိုကြနဲ့၊ ရဟန်းဂေါတမမရှိရင် အေးတာပဲ၊ သူရှိတုန်းက ဒို့ကိုချုပ်ချယ်တယ်၊ ဟိုဟာမလုပ်ရဘူး၊ ဒါမလုပ်ရဘူး။ အခု ကိုယ်လုပ်ချင်တာလုပ်နိုင်ပြီ၊ ကိုယ်ပြောချင်တာ ပြောနိုင်ပြီ" လို့ဆိုပြီးတော့ ပုန်ကန်တဲ့လေသံလေးနဲ့ လှုံ့ဆော်ခဲ့တာ အဲဒီအချိန်မှာ ပေါ်ခဲ့ဖူးတယ်။

အဲဒီပုန်ကန်စကား သူ့ရဲ့ပရိသတ်ထဲမှာ ဖြစ်ပေါ်လာတာကို ရဟန်းသံဃာတွေကို အတိုချုပ် ရှင်မဟာကဿပက လျှောက်ထားပြီးတော့ အစည်းအဝေးလုပ်တယ်။ ဒီအစည်းအဝေးဟာ အလွန်အရေးကြီးတဲ့ အစည်းအဝေးတစ်ခုပဲ။ ဘာဖြစ်လို့တုန်းဆိုရင် ဒီကနေ့ မြန်မာလူမျိုးတွေရဲ့လက်ထဲ ရောက်လာတဲ့ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ဆိုတာ ရှင်မဟာကဿပတို့ ဦးဆောင်စုစည်းခဲ့တာ။ အကယ်၍သာ အဲဒီအချိန်က စုစုစည်းစည်း မလုပ်ခဲ့ဘူး

www.dhammadownload.com



ဆိုရင် ဘာနဲ့ဥပမာတူမလဲဆိုရင် ပန်းပွင့်လေးတွေကို ကြိုးနဲ့မသီကုံးဘဲ စားပွဲပေါ်မှာ စုပုံပြီးတော့ထားလိုက်မယ်ဆိုရင် လေကဝင်မွှေ့လိုက်တဲ့အခါ ဟိုတစ်ပွင့် ဒီတစ်ပွင့် လေထဲမှာလွင့်သွားမယ်။ အဲဒါမျိုးလိုပဲ မြတ်စွာဘုရား အဆုံးအမ ဒေသနာတော်တွေဟာ ဟိုရောက် ဒီရောက်နဲ့ အကုန်လွင့်ပါးသွားနိုင်တယ်၊ ဒါကြောင့်မို့ ပိဋကတ်၊ နိကာယ် ဆိုတာတွေနဲ့ ကြိုးလေးနဲ့ စနစ်တကျ သီပြီးတော့ထားတာ။ ပန်းပွင့်လေးတွေကိုလည်း ကြိုးလေးနဲ့သီကုံးပြီးထားမယ် ဆိုလို့ရှိရင် လေဘယ်လောက်တိုက်တိုက် အတွဲလိုက်လေးဖြစ်နေမယ်၊ လွင့်မသွားဘူး၊ မပျက်စီးဘူးပေါ့။

အဲဒီဥပမာအတိုင်း ရှင်မဟာကဿပ အမှူးရှိတဲ့ ရဟန်းသံဃာတွေက အရှည်မြင်မြင်နဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမတရားတော်တွေကို ကြိုးလေးနဲ့သီထားသလို တစ်စုတစ်ဝေးတည်းဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြတာလို့ ဒီလိုဆိုလိုတယ်။ အဲဒါကြောင့်မို့

www.dhammadownload.com



အရေးကြီးတဲ့အလုပ်ကို လုပ်တဲ့အခါမှာ ရှင်မဟာကဿပက သံဃာတွေကို ပြောကြားတဲ့စကားဟာ အလွန်အရေးပါတဲ့ စကားတစ်ခုဖြစ်တယ်။ **"ဟန္ဒ မယံ အာဝုသော ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယာမ"** ငါ့ရှင်တို့၊ အခုတို့တစ်တွေ မြတ်စွာဘုရားဆုံးမခဲ့တဲ့ ဓမ္မ၊ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ ဓမ္မ၊ ဆုံးမခဲ့တဲ့ ဝိနယ တွေကို တစ်သံတည်းဖြစ်အောင် စိစစ်ကြမယ်၊ ဒို့တတွေ တစ်ဦးနဲ့ တစ်ဦး ကွဲကွဲလွဲလွဲ မဖြစ်အောင်၊ တစ်မူတည်း ဖြစ်အောင် တို့စိစစ်မယ်၊ တစ်မူတည်းဖြစ်ဖို့က အရေးကြီးတယ်။ အဲဒီလို တစ်မူတည်းဖြစ်အောင် တို့စုပေါင်းပြီးတော့ ညှိနှိုင်းကြမယ်၊ အဲဒီလို ညှိနှိုင်းတာဟာ **"ပုရေ အဓမ္မော ဒိပ္ပတိ၊ ဓမ္မော ပဋိဗာဟိယတိ"** တကယ့်စစ်မှန်တဲ့ဓမ္မကို တွန်းလှန်ဖယ်ရှားပြီးတော့ အဓမ္မတွေ ဝင်ရောက်မလာခင် အခုချိန်ဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားလို့ မကြာသေးဘူး၊ မကြာသေးတော့ ဒီဓမ္မရဲ့ ဆန့်ကျင်ဘက်အတွေးအခေါ်တွေဟာ ရောက်

www.dhammadownload.com



မလာသေးဘူး၊ အဲဒါတွေ ရောက်လာလို့ရှိရင်တော့ တကယ့်စစ်မှန်တဲ့ဓမ္မဟာ ဘေးကိုတွန်းထုတ်ခံလိုက်ရမယ်၊ မှားယွင်းတဲ့ဓမ္မတွေဟာ အစားဝင်လာတဲ့အခါ မှန်ကန်တဲ့ဓမ္မတွေဟာ တွန်းထုတ်ခံလိုက်ရမယ်။ အဲဒါကြောင့်မို့ **"ပုရေ အဓမ္မော ဒိပ္ပတိ"** အဓမ္မဆိုတဲ့ ဓမ္မရဲ့ဆန့်ကျင်ဘက်တွေ မထွန်းကားမီ **"ဓမ္မော ပဋိဗာဟိယတိ"** မှန်ကန်တဲ့ဓမ္မကို တွန်းထုတ်ခြင်းမခံရမီ၊ ဝိနယ ဆိုတာတွေကို တွန်းထုတ်ခြင်းမခံရမီ ဓမ္မဝါဒီ၊ ဝိနယ ဝါဒီ၊ တကယ့် ဓမ္မစစ်ကိုပြောတဲ့ပုဂ္ဂိုလ်တွေ၊ ဝိနယအစစ်ကို ဖော်ပြတဲ့ပုဂ္ဂိုလ်တွေ အားကောင်းနေစဉ်အတွင်း တပည့်တော်တို့ ညှိနှိုင်းပြီးတော့ မြတ်ဗုဒ္ဓရဲ့အဆုံးအမတွေကို စုစည်းကြမယ်၊ တစ်သံတည်းထွက်အောင်လုပ်ကြမယ်ဆိုတဲ့ သင်္ဂါယနာ လှုံ့ဆော်သံဟာ ဒီကနေ့ခေတ်မြန်မာလူမျိုးတွေအတွက်ထိအောင် အများကောင်းစားရေးအတွက် ဖြစ်လာခြင်းပဲဖြစ်တယ်။

www.dhammadownload.com



အကယ်၍ အဲဒီအချိန်က ဒီလုပ်ငန်းကို မလုပ်ခဲ့ဘူး ဆိုလို့ရှိရင် စုစုစည်းစည်းမရှိတဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမတွေဟာ ဟိုနားတစ်ကွက် ဒီနားတစ်ကွက် ရောက်ပြီးတော့ ဘုရားဟောရယ်လို့လည်း သိကြတော့မှာ မဟုတ်ဘူး၊ ပန်းပုံကြီးကို လေမွှေ့တဲ့အခါမှာ ဟိုနားတစ်ပွင့်၊ ဒီနားတစ်ပွင့် လွင့်ကုန်သလိုပဲ မြတ်စွာဘုရားရဲ့ အဆုံးအမတော်တွေဟာ စုစုစည်းစည်းမရှိဘဲနဲ့ အကုန်လုံး ပျောက်ပျက်သွားနိုင်တယ်လို့ ဒီလိုဆိုတာ။ ဒါကြောင့်မို့ ရှင်မဟာကဿပတို့ရဲ့ ကြိုးပမ်းအားထုတ်မှုဟာ အလွန်အရေးပါတဲ့ ကြိုးပမ်းအားထုတ်မှု။ ဒါကိုပဲ သင်္ဂါယနာတင်တယ်လို့ခေါ်တယ်။ **သင်္ဂါယနာ** မှာ **သံ**-ဆိုတာ တညီတည်း၊ **ဂါယနာ**-အသံထွက်တာကိုပြောတာ။ တညီတည်း အသံထွက်ရမယ်၊ တစ်ယောက်တစ်မျိုး မပြောရဘူးလို့ ဆိုလိုတယ်။ ညီညွတ်မှုဟာ သိပ်ပြီးအရေးကြီးတယ်။ အားလုံးဟာ ဘုရားဟောတာကို တညီတည်းပဲ အသံထွက်ရမယ်။ ဟိုက တစ်မျိုး၊

www.dhammadownload.com



ဒီကတစ်မျိုးပြောဆိုရင် အကုန်လုံးကွဲလွဲပြီးတော့ တစ်ဦးနဲ့ တစ်ဦး ငြင်းခုန်စရာတွေ ဖြစ်လာလိမ့်မယ်။ အဲဒီလို မဖြစ်အောင် သင်္ဂါယနာတင်တာ။ 'နမောတဿ' ရွတ်တာတောင်မှပဲကြည့်လေ။ ဒီလူက **'နမောတဿ ဘဂဝတော အရဟတော'** ရွတ်တယ်။ ဟိုလူက **'နမော တဿ အရဟတော ဘဂဝတော'**လို့ **ဘဂဝတော** ကို နောက်က ထားချင်ထားမယ်။ အဲဒီလို ကပေါက်တိ ကပေါက်ချာတွေ မဟုတ်ဘဲနဲ့ တစ်သံတည်းထွက်နေ ရမယ်။ တစ်သံတည်းထွက်အောင်လုပ်တာ။ အဲဒီလို မြတ်စွာဘုရားရဲ့ အစစ်အမှန်စကားလုံးတွေကို တစ်သံ တည်းထွက်အောင် ပြုပြင်ထိန်းသိမ်းခဲ့တာ ရှင်မဟာ ကဿပတို့ လုပ်ခဲ့တာ။ အခုလို သံဃအစည်းအဝေး ကြီးတွေဟာ မြတ်စွာဘုရားရဲ့ အဆုံးအမတွေ အရှည် တည်တံ့ဖို့အတွက် ဆောင်ရွက်လုပ်ကိုင်ကြခြင်းသာ ဖြစ်တယ်။

www.dhammadownload.com



ဒီလို လုပ်ကိုင်ကြသည့်အတွက်ကြောင့် လိုအပ်ချက်တွေ အချင်းချင်းညှိနှိုင်းလို့ သာသနာတော် ၅၀၀၀ ကြာသည့်တိုင်အောင် လူ့လောကမှာ မြတ်စွာဘုရားရဲ့ အဆုံးအမတွေ ထွန်းလင်းနေဖို့၊ မီးရှူးတန်ဆောင်ကြီးအဖြစ် ပွင့်လင်းနေဖို့အတွက် ကြိုးပမ်းအားထုတ်ကြခြင်းဖြစ်တယ်။ မြန်မာနိုင်ငံသားတွေ အင်မတန်မှ ကံကောင်းတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ သံဃာတော်တွေဟာ ဒီကနေ့ မြတ်ဗုဒ္ဓရဲ့အဆုံးအမ ပိဋကတ်စာပေတွေ အားလုံးကို ထုတ်ဖော်ပြီး ဟောပြောသင်ယူပြီးတော့ နေကြတဲ့ စာသင်တိုက်ကြီးတွေ၊ ပိဋကတ်သုံးပုံ ပြန်ဆိုနိုင်တဲ့ ပုဂ္ဂိုလ်တွေ၊ နိကာယ်ငါးရပ် ကျမ်းစာတွေကို လေ့လာသင်ယူနေကြတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီပုဂ္ဂိုလ်တွေ ရှိနေလို့ မြတ်စွာဘုရားရဲ့ အဆုံးအမ တရားတော်တွေကို လက်တွေ့သိရှိပြီးတော့ အမှန်တရားကို သိရှိနိုင်ကြလို့ စိတ်နှလုံးအေးချမ်းမှုကို ရရှိနေကြတာဖြစ်တယ်။

www.dhammadownload.com



အမှားနဲ့အမှန်ကို ခွဲခြားသိပြီးတော့ အမှားတရားကို ဖယ်ရှားလို့ အမှန်တရားကို လိုက်နာကျင့်သုံးနိုင်ကြတာဖြစ်တယ်။ ဒါကြောင့်မို့ အလွန်တန်ဖိုးရှိတဲ့ မြတ်ဗုဒ္ဓရဲ့ ဓမ္မရတနာတွေကို ဒို့တတွေရရှိနေတာဟာ သံဃာတော်တွေရဲ့ ဆောင်ရွက်မှုကြောင့်ဖြစ်တယ်။ ဒီကနေ့ခေတ်မှာလည်းပဲ အဲဒီလမ်းစဉ်အတိုင်း လိုက်နာပြီးတော့ ဆောင်ရွက်နေကြပြီး တစ်သံတည်းထွက်အောင်ကြိုးပမ်းအားထုတ်ကြရတာ ဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ပရိယတ္တိပညာရေးဟာ ရှေ့တန်းမှာရှိပြီး ဒီအတိုင်းဆက်လက်ပြီးတော့သွားမယ် ဆိုလို့ရှိရင် မြန်မာနိုင်ငံရဲ့ပိဋကတ်ပညာရေးဟာ အစဉ်အဆက် တောက်ပြောင်နေဦးမှာပဲဖြစ်တယ်။ ပိဋကတ်ပညာ တောက်ပြောင်နေသမျှ ကာလပတ်လုံး ဘုန်းကြီးတို့ တစ်နိုင်ငံလုံးမှာရှိကြတဲ့ မြန်မာတွေ ဗုဒ္ဓဘာသာဝင်တွေအဖို့ တကယ့်ကို အရေးကြီးတဲ့ မီးရှူးတန်ဆောင်ကြီးတွေဟာ ထွန်းပြောင်နေဦးမှာပဲဖြစ်တယ်။

www.dhammadownload.com



နောက်ဆုံးမှာ ဗုဒ္ဓတရားတော်တွေ ကွယ်သွားလို့ မမှန်မကန်တရားတွေ လောကထဲမှာ ထွန်းလင်းလာပြီ ဆိုရင်တော့လည်း အမှောင်ကျသွားပြီး အမှန်ဆိုတာကို မသိရှိနိုင်ကြလို့ လုပ်သင့်တာနဲ့ မလုပ်သင့်တာ မသိဘူးဆိုရင် မလုပ်သင့်တာတွေ လုပ်မိကြမယ်၊ လုပ်သင့်တာတွေ မလုပ်ဘဲနေမိလို့ ကိုယ်ကျိုးနည်းတယ်ဆိုတဲ့ အဖြစ်မျိုးတွေ ရောက်ရှိလာမယ်။ ဒါကြောင့်မို့ အမြော်အမြင် ရှိတော်မူကြတဲ့ ရှင်မဟာကဿပ အမှူးရှိတဲ့ ရဟန်းသံဃာတွေဟာ နောက်ဆုံးမှာ မူတစ်ခုကို သတ်မှတ်ပြီးတော့ထားကြတယ်။ **ထေရဝါဒ၊ ထေရ** ဆိုတာ လူကြီး၊ **ဝါဒ** ဆိုတာ လူကြီးတွေရဲ့ အဆိုအမိန့်ပေါ့။ အဲဒီ လူကြီးတွေရဲ့ အဆိုအမိန့်၊ သံဃာခေါင်းဆောင်တို့ရဲ့ အဆိုအမိန့်တွေ၊ ဘာပြောခဲ့သလဲလို့ဆိုရင် **"အပ္ပညတ္တံ န ပညပေတဗ္ဗံ"** မြတ်စွာဘုရား ပညတ်မူမရှိတဲ့ တရားတွေကို အသစ်မပြင်ကြရဘူး၊ အသစ်ဆိုရင် အသွင်အမျိုးမျိုးထွင်ကြမှာပဲလေ။ အမျိုးမျိုး

www.dhammadownload.com



ထွင်လာကြမယ်။ ဟိုလူကတစ်မျိုးတင်ပြမယ်၊ ဒီလူက တစ်မျိုး တင်ပြမယ်၊ အဲဒီလို အသစ်မလုပ်ရဘူး။ **"အပ္ပညတ္တံ န ပညပေတဗ္ဗံ"** မြတ်စွာဘုရား မပညတ်တာကို ထပ်ပြီးတော့ မပညတ်ရဘူး။ **"ပညတ္တံ န သမုစ္ဆိန္ဒိတဗ္ဗံ"** မြတ်စွာဘုရား ပညတ်ပြီးသား၊ ဟောပြောပြီးသား တရားကို မပယ်ဖျက်ရဘူး။ **"ယထာ ပညတ္တေသု သိက္ခာပဒေသု သိက္ခိတဗ္ဗံ"** မြတ်စွာဘုရား ပညတ်ထားတဲ့အတိုင်းပဲ လိုက်နာကျင့်သုံးရမယ်လို့ ဆိုတဲ့ ဒီမူဝါဒ (၃)ချက်ဟာ ထေရဝါဒ မူဝါဒ (၃)ချက်ပဲ ဖြစ်တယ်။

အဲဒီ ထေရဝါဒမူဝါဒ(၃)ချက်အတိုင်း မြန်မာနိုင်ငံမှာ လိုက်နာကျင့်သုံးနေတာ ဖြစ်သောကြောင့် မြန်မာပြည်က သာသနာကို ထေရဝါဒသာသနာလို့ ဒီလိုခေါ်တယ်။ မဟာယနလို့ဆိုတဲ့ ဗုဒ္ဓဘာသာဂိုဏ်းကွဲမှာကျတော့ ပြုပြင်ထားတာတွေက အများကြီး ဖြစ်သွားပြီ။ ဝတ်စားဆင်ယင်ပုံကစပြီးတော့ ပြုပြင်သွားတယ်။

www.dhammadownload.com



ခေတ်နဲ့အညီ ဆိုပြီးတော့ လိုက်နာကျင့်သုံးမှုတွေလည်း အမျိုးမျိုး၊ တစ်ဦးနဲ့တစ်ဦး မတူတာတွေဖြစ်လာတယ်။ မတူရုံတင်မကဘူး၊ ဒို့က ဘုရားအလောင်းဆိုပြီးတော့ ဘုရားအလောင်းဝါဒကို ကျင့်သုံးတယ်ဆိုပြီးတော့ မိမိတို့ စိတ်တိုင်းကျ တရားဓမ္မတွေကို ဖော်ထုတ်ပြီးတော့ ဗုဒ္ဓရဲ့အဆုံးအမတွေကို ကိုယ်လိုသလိုဆွဲပြီးတော့ လုပ်သွားကြသည့်အတွက်ကြောင့် နောက်ပိုင်းမှာ ပုံပျက်ပန်းပျက်တွေ ဖြစ်လာတယ်။

အဲဒီလိုတွေ မဖြစ်ရအောင် မြန်မာပြည်က ထေရဝါဒ သာသနာက မူရင်းအစစ်ကို ထိန်းသိမ်း စောင့်ရှောက်ထားတာဖြစ်တယ်။ ဒါကြောင့်မို့ မူရင်းအစစ်အတိုင်း ဘုန်းကြီးတို့တတွေ လိုက်နာကျင့်သုံးခွင့်ရနေကြတာဟာ **"အများအတွက် သံဃာတော်တို့ရဲ့ ဆောင်ရွက်ချက်"** ပဲဖြစ်ပါတယ်။ ဤမျှတန်ဖိုးရှိတဲ့ မြတ်ဗုဒ္ဓရဲ့အဆုံးအမတွေကို ဒို့တတွေ မျက်စိကောင်း၊ နားကောင်း အသိဉာဏ်ရှိတဲ့လူသား ဖြစ်နေတဲ့အချိန်မှာ ဒို့တတွေ တတ်နိုင်သမျှ ကြိုးစားပြီးတော့ နာယူကြမယ်၊ မှတ်

www.dhammadownload.com



သွားကြမယ်၊ သင်ယူကြမယ် ဆိုလို့ရှိရင်တော့ လူတိုင်း လူတိုင်းဟာ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေ သိရှိနားလည် နိုင်ကြပါတယ်။ နားမလည်နိုင်တဲ့တရား၊ လူသားတွေ ဘဝနဲ့ ဆက်စပ်လို့မရတဲ့ တရားမျိုးဆိုတာ တစ်ခုမှ မပါဘူး။ လောကလူသားတွေ နားလည်နိုင်တဲ့ တရား တွေသာ ဖြစ်သောကြောင့် မိမိတို့ဘဝလေး ရလာတဲ့ အချိန်လေးမှာ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေ ဒို့တတွေ သိရှိနားလည်အောင် သင်ယူကြမယ်၊ လေ့လာကြမယ် ဆိုတဲ့ စိတ်ဓာတ်လေး မွေးပြီးတော့ ဒို့နိုင်ငံမှာ အင်မတန်မှ တန်ဖိုးရှိတဲ့ ရတနာတွေဟာ ဒို့နိုင်ငံက သယံဇာတ မဟုတ်သော်လည်း ဒို့လက်ထဲကို ရောက် နေတာ ဒို့လောက်ကံကောင်းတာမရှိဘူးလို့ ကိုယ်ကိုယ် တိုင် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး မြတ်ဗုဒ္ဓရဲ့ အဆုံးအမ တွေကို သိရှိနားလည်အောင် သင်ယူကြ၊ ကြိုးစား အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု

www.dhammadownload.com

# ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဇမ္ဗူ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

www.dhammadownload.com

# အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

www.dhammadownload.com


၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်

၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ

၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ

၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်

၂၅။ သာရဏီယတရား

၂၆။ ရသတဏှာ

၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း

၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ

၂၉။ မဟာဒါန

၃၀။ စိတ်၏ထွက်ပေါက်များ

၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ

၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ

၃၃။ န စ သော၊ န စ အညော

၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်

၃၅။ စိတ်၏အတွေးများ

၃၆။ ဥပါဒါနပစ္စယာဘဝေါ

၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း

၃၈။ အတ္တာဟိအတ္တနောနာထော

၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်

၄၀။ ဟောသူ နာသူ စိတ်ထားဖြူ

၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

www.dhammadownload.com

၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝင့်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘောသင္ဂဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

www.dhammadownload.com


၆၃။ နိုင်သူနှင့်ရှုံးသူ

၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ

၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း

၆၆။ တရားထူးရနိုင်သူ

၆၇။ ကျေးဇူးသိခြင်း

၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်

၆၉။ ကာလာမသုတ် အနှစ်ချုပ်

၇၀။ ခုခံစွမ်းအား

၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်

၇၂။ အခွင့်ကောင်းကို ရအောင်ယူ

၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း

၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ

၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်

၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ

၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း

၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ

၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်

၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား

၈၁။ နိယျာနိကသာသနာ

၈၂။ အနတ္တလက္ခဏသုတ် အနှစ်ချုပ်

၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

www.dhammadownload.com

၇၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၇၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၇၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၇၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၇၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၇၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၈၀။ ကမ္မဋ္ဌာန်းဆရာ
၈၁။ ဇာတိမြေမှ သာသနာ
၈၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၈၃။ စရိုက်နှင့်ဝါသနာ
၈၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၈၅။ သာသနာပြုစွမ်းအားစု
၈၆။ လူဆိုးလူမိုက်
၈၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၈၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၈၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနဿတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၁၀၅။ မေ့သံဝေဂနှင့် ဘဝဆည်းဆာ

www.dhammadownload.com

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ
၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ
၁၂၅။ အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်